# **ကုန်သွယ်ရေကြောင်းသွားလာရေးဆိုင်ရာ တူးမြောင်းဥပဒေကြမ်း**

( ၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ်၊    ။ )

၁၃၈၁ ခုနှစ်၊                    လ            ရက်

၂၀၂၀ ပြည့်နှစ်၊              လ       ရက် )

ပြည်ထောင်စု လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## **အခန်း(၁)**

## **အမည်နှင့် အဓိပ္ပာယ် ဖော်ပြချက်**

၁။ ဤဥပဒေကို **ကုန်သွယ်ရေကြောင်း သွားလာရေးဆိုင်ရာ တူးမြောင်း ဥပဒေ** ဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

**(က)** **ကုန်သွယ်ရေကြောင်း** ဆိုသည်မှာ စီးပွားရေးအလို့ငှာ ကုန်စည်ကိုဖြစ်စေ၊ ခရီးသည်ကိုဖြစ်စေ၊ ကုန်စည်နှင့် ခရီးသည် နှစ်မျိုးလုံးကိုဖြစ်စေ ရေလမ်းခရီးဖြင့် တစ်နေရာမှ တစ်နေရာ သို့ သယ်ယူပို့ဆောင်ရန် အသုံးပြုသော ရေကြောင်းကိုဆိုသည်။

**( ခ )** **တူးမြောင်း** ဆိုသည်မှာ ကုန်သွယ်ရေကြောင်းဖြင့် သယ်ယူပို့ဆောင်ရေးအတွက် ပင်လယ်၊ မြစ် သို့မဟုတ် ချောင်းနှင့် ဆက်စပ်၍ အသုံးပြုနိုင်ရန် တူးဖော်ဖောက်လုပ်ထားသော ကမ်းပါးနှစ်ဖက်ရှိသည့် ရေကြောင်းနယ်မြေကိုဆိုသည်။ ယင်းစကားရပ်တွင် စိုက်ပျိုးရေး လုပ်ငန်းအတွက် တူးဖော်ဖောက်လုပ်ထားသော တူးမြောင်းနှင့် ရေနုတ်မြောင်းများ ပါဝင် ခြင်းမရှိပါ။

**( ဂ )** **တူးမြောင်းနယ်** ဆိုသည်မှာ တူးမြောင်း၏ လက်ဝဲ လက်ယာကုန်းပိုင်းတွင် တည်ဆဲ သတ်မှတ်ထားသည့် နယ်နိမိတ်ကိုသော်လည်းကောင်း၊ ဝန်ကြီးဌာနက အမိန့် ကြော်ငြာစာ ထုတ်ပြန်၍ သီးခြားသတ်မှတ်သည့် နယ်နိမိတ်ကိုသော်လည်းကောင်း၊ ထိုသို့ သတ်မှတ်ထားခြင်းမရှိသည့် တူးမြောင်းတွင် တစ်နှစ်အတွင်း ဒီရေအမြင့်ဆုံးတက်ချိန်၌ ဒီရေရောက်ရှိသည့် သို့မဟုတ် မြစ်ရေတက်ချိန် အမြင့်ဆုံး ပုံမှန်ရေမြင့်မှတ် ရောက်ရှိသည့် ကမ်းပါးနယ်မှ ကုန်းတွင်းပိုင်းသို့ ပေ ၁၅၀ အထိ ရှိသော ကုန်းမြေနယ်နိမိတ်ကိုသော် လည်းကောင်းဆိုသည်။

**(ဃ)** **ကမ်းပါးနယ်** ဆိုသည်မှာ ရေစစ်မျဉ်းနှင့် ရေပြည့်မျဉ်းအကြားရှိ ကမ်းပါးစောက် သို့မဟုတ် ဆင်ခြေလျှော ကမ်းပါး**မြေနေရာ**ကို ဆိုသည်။

**( င)** **ရေယာဉ်** ဆိုသည်မှာ ခရီးသည် သို့မဟုတ် ကုန်စည်များကိုရေလမ်းဖြင့် သယ်ယူပို့ဆောင်ရေး အတွက် အသုံးပြုသော သင်္ဘော၊ လှေ၊ သမ္ဗာန်၊ သစ်ဖောင်၊ ဝါးဖောင်နှင့် အခြားစက်တပ် သို့မဟုတ် စက်မဲ့ရေယာဉ် တစ်မျိုးမျိုးကိုဆိုသည်။

**( စ)** **ရေယာဉ် မှတ်ပုံတင် လက်မှတ်** ဆိုသည်မှာ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီး ဌာန သို့မဟုတ် ယင်းဦးစီးဌာနက ညှိနှိုင်းလွှဲအပ်ထားသော သက်ဆိုင်ရာ တာဝန်ရှိ အစိုးရဌာန၊ အဖွဲ့အစည်း တစ်ခုခုကရေယာဉ်ကို စစ်ဆေး၍ မှတ်ပုံတင်ပြီး ထုတ်ပေးသော သက်သေခံ **လက်မှတ်ကိုဆိုသည်။**

**(ဆ)** **ရေလမ်းထိန်း အဆောက်အအုံ** ဆိုသည်မှာ တူးမြောင်းကို ပြုပြင်ထိန်းသိမ်းရန် တည်ဆောက်ထားသော ကမ်းထိန်းနံရံ၊ ရေလွှဲရေကာ၊ ရေမြှောပေါက်ပိတ်ရေကာ၊ နုန်းဖမ်း ရေကာနှင့် လှိုင်းကာတို့ကိုဆိုသည်။

**( ဇ)** **ဘေးအန္တရာယ်ဖြစ်စေတတ်သော ပစ္စည်း** ဆိုသည်မှာ ကုန်စည်များကို သယ်ဆောင်ရာ၌ လုံခြုံစိတ်ချပြီး ဘေးအန္တရာယ်မဖြစ်စေရေးအတွက် အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့် စည်းမျဉ်း ဥပဒေများအရ ဘေးအန္တရာယ် ဖြစ်စေတတ်သော ပစ္စည်းအဖြစ် **သတ်မှတ်ထားသော ပစ္စည်းကိုဆိုသည်။**

**( ဈ)** **ဖြတ်သန်းခ** ဆိုသည်မှာ တူးမြောင်းအတွင်း ဖြတ်သန်းသွားလာသည့် ရေယာဉ်များကို ကောက်ခံရန် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ထားသော အခကြေး ငွေကိုဆိုသည်။

**(ည)** **အကောက်စခန်း** ဆိုသည်မှာ တူးမြောင်းအတွင်း ဖြတ်သန်းသွားလာသည့် ရေယာဉ် များကို **ကြီးကြပ်** ကွပ်ကဲရန်နှင့် ဖြတ်သန်းခ ကောက်ခံရန် ဖွင့်လှစ်ထားသည့် စခန်းကို ဆိုသည်။

**( ဋ)** **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စု အစိုးရအဖွဲ့ ကိုဆိုသည်။

**( ဌ)** **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ကိုဆိုသည်။

**( ဍ)** **ဦးစီးဌာန** ဆိုသည်မှာ **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊** ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကို ဆိုသည်။

(ဎ) **တူးမြောင်းအရာရှိ** ဆိုသည်မှာ တူးမြောင်းများအတွင်း ရေကြောင်းသွားလာမှု၊ ဖြတ်သန်းခကောက်ခံမှုနှင့် တူးမြောင်းထိန်းသိမ်းမှုတို့ကို တာဝန်ခံ၍ ကြီးကြပ်ကွပ်ကဲရန် ဦးစီးဌာနက တာဝန်ပေးအပ်ခြင်းခံရသူကို ဆိုသည်။

(ဏ) **ရေကြောင်းကြီးကြပ်ရေးမှူး** ဆိုသည်မှာ တူးမြောင်းအတွင်း ဖြတ်သန်းသွားလာသည့် ရေယာဉ်များ သွားလာမှုလုံခြုံချောမွေ့စေရေးအတွက် ရေကြောင်းစစ်ဆေးရန်နှင့် ရေယာဉ်များ သွားလာမှုကို ကြီးကြပ်ရန် ဦးစီးဌာနက တာဝန်ပေးအပ်ခြင်းခံရသူကိုဆိုသည်။

(တ) **အကောက်စခန်းမှူး** ဆိုသည်မှာ အကောက်စခန်း**၏ လုပ်ငန်းများ**ကို ကြီးကြပ်တာဝန်ခံဆောင်ရွက်ရန် **ဦးစီးဌာနက** တာဝန်ပေးအပ်ခြင်းခံရသူကို ဆိုသည်။

(ထ) **ရေယာဉ်ဦးစီး** ဆိုသည်မှာ ရေယာဉ်မှူး၊ ရေယာဉ်အုပ်နှင့် ရေယာဉ်ကို ဦးစီးဦးဆောင်ပြု၍ ထိန်းသိမ်း မောင်းနှင်သည့် သက်ဆိုင်ရာ ကျွမ်းကျင်မှု လက်မှတ်ရရှိသူ တစ်ဦးဦးကိုဆိုသည်။

## အခန်း (၂)

## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါ အတိုင်းဖြစ်သည် -

(က) တူးမြောင်းအတွင်း ရေကြောင်း သွားလာမှု လုံခြုံချောမွေ့ အဆင်ပြေစေရန်၊

(ခ) ကုန်သွယ် ရေကြောင်းဆိုင်ရာ တူးမြောင်းများကို ပြည်သူများ အကျိုးရှိစွာ အသုံးပြုနိုင်ရေးအတွက် ထိန်းသိမ်းကာကွယ်ရန်၊

(ဂ) ကုန်သွယ် ရေကြောင်းတွင် တူးမြောင်းများ ဖွံ့ဖြိုးတိုးတက်ခြင်းဖြင့် နိုင်ငံတော်၏ ရေကြောင်း သယ်ယူ ပို့ဆောင်ရေးကွန်ရက် ကျယ်ပြန့်လာပြီး နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက် စေရန်၊

(ဃ) တူးမြောင်းနယ်အတွင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ရေထုညစ်ညမ်းမှု မရှိစေရန်နှင့် လူမှုပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုမှ ထိန်းသိမ်းကာကွယ်ရန်၊

(င) ကုန်သွယ် ရေကြောင်းဖြင့် ကုန်စည် စီးဆင်းမှု ပိုမိုမြန်ဆန် သွက်လက်စေရေးအတွက် ပုဂ္ဂလိက တူးမြောင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်။

## အခန်း (၃)

## ဝန်ကြီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၄။ ဝန်ကြီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ရေယာဉ်များ ခုတ်မောင်းသွားလာနိုင်သည့် တူးမြောင်းများကို နယ်နိမိတ် အတိုင်းအတာ ဖော်ပြ၍ အမိန့်ကြော်ငြာစာ ထုတ်ပြန် သတ်မှတ်ခြင်း၊

( ခ) တူးမြောင်းများ ရေရှည်တည်တံ့ရေးအတွက် တူးမြောင်းထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ရန် ဦးစီးဌာနသို့ ညွှန်ကြားခြင်း၊ ပြည်ထောင်စုဝန်ကြီးဌာန အဆင့်ညှိနှိုင်းရန် လိုအပ်ပါက သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

( ဂ) နိုင်ငံအတွင်းရှိ မြစ်ချောင်းများ ရေရှည်တည်တံ့၍ ရေလမ်းကြောင်းများ ဖွံ့ဖြိုးစေရေး မဟာဗျူဟာအရဖြစ်စေ၊ ဒေသဆိုင်ရာ သဘောတူညီချက် သို့မဟုတ် အိမ်နီးချင်းနိုင်ငံများ နှင့် နှစ်နိုင်ငံသဘောတူညီချက်အရ နယ်စပ်ဖြတ်ကျော်၍ဖြစ်စေ တူးမြောင်းသစ်များ တူးဖော် ဖောက်လုပ်ရန် လိုအပ်ပါက အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တူးမြောင်းသစ်များ တူးဖော်ဖောက်လုပ်ခြင်းနှင့် ကုန်သွယ်ရေကြောင်းသွားလာမှု ကြီးကြပ်ခြင်း၊

(ဃ) တူးမြောင်းအတွင်း ဖြတ်သန်းသွားလာမှုနှင့် တူးမြောင်းဝန်းကျင် ဒေသဖွံ့ဖြိုးရေးနှင့် ကုန်သွယ်ရေကြောင်း လုံခြုံချောမွေ့စေရေးအတွက် နိုင်ငံတကာနှင့် ဒေသဆိုင်ရာအဖွဲ့ အစည်းများ၏အကူအညီများရယူရန် လိုအပ်ပါက ယင်းအဖွဲ့အစည်းများနှင့် ဆက်သွယ် ဆွေးနွေး ညှိနှိုင်းဆောင်ရွက်ခြင်း၊

( င) ဖြတ်သန်းခသတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်းနှင့် လိုအပ်ပါက ပုဂ္ဂလိကအဖွဲ့အစည်း တစ်ခုခုကို တင်ဒါစနစ်ဖြင့် ရွေးချယ်၍ လုပ်ငန်းအပ်နှံခြင်း သဘောတူစာချုပ်ဖြင့် စည်းကမ်း ချက်များ သတ်မှတ်ပြီး ဖြတ်သန်းခ ကောက်ခံခွင့်ပြုခြင်း၊

( စ) တူးမြောင်းနယ်အတွင်း အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုကသော်လည်းကောင်း၊ ပုဂ္ဂလိက တူးမြောင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် အလို့ငှာပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံသည့် ပုဂ္ဂလိက လုပ်ငန်းရှင်က သော်လည်းကောင်း၊ အစိုးရနှင့် ပုဂ္ဂလိကပူးတွဲ၍ ဖက်စပ်ဆောင် ရွက်သော အဖွဲ့ကသော်လည်းကောင်း၊ ပုဂ္ဂလိကနှင့် သဘောတူ စာချုပ် ချုပ်ဆိုပြီး တည်ဆောက်-လုပ်ကိုင်-လွှဲပြောင်းစနစ် (BOT=Build-Operate-Transfer)၊ တည်ဆောက်-ပိုင်ဆိုင်-လုပ်ကိုင်-လွှဲပြောင်းစနစ် (BOOT=Build-Own- Operate-Transfer )၊ တည်ဆောက်-ပိုင်ဆိုင်-လုပ်ကိုင် စနစ် ( BOO=Build-Own- Operate )၊ တည်ဆောက်-ငှားရမ်း-လွှဲပြောင်း

စနစ် ( BLT=Build-Lease-Transfer )၊ ပုံစံထုတ်-တည်ဆောက်-ငွေကြေးပံ့ပိုး-လုပ်ကိုင်စနစ် (DBFO= Design-Build-Finance-Operate ) သို့မဟုတ် ပုံစံထုတ်-ဆောက်လုပ်-စီမံ-ငွေကြေးထောက်ပံ့စနစ် (DCMF= Design-Construct-Manage-Finance ) စသည့် စနစ်တို့ဖြင့် တူးမြောင်း တူးဖော်ဖောက်လုပ်ခြင်း၊ တူးမြောင်း တိုးချဲ့ခြင်း လုပ်ငန်းများဆောင်ရွက်ရန် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စိစစ်ခွင့်ပြုခြင်း၊

(ဆ) တူးမြောင်း တူးဖော် ဖောက်လုပ်ခြင်း၊ တူးမြောင်းတိုးချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အများပြည်သူ အကျိုးငှာ ပုဂ္ဂလိကပိုင်မြေကို အသုံးပြုရန် လိုအပ်ပါကသက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ သိမ်းယူလွှဲပြောင်းရယူရေးအတွက် အစိုးရအဖွဲ့၏ သဘော တူညီချက်ရယူပြီး သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများနှင့်လည်းကောင်း၊ သိမ်းယူမည့် မြေကိုပိုင်ဆိုင်သော သို့မဟုတ် အသုံးပြုလျက်ရှိသောဒေသခံပြည်သူများနှင့်လည်းကောင်း ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဇ) တူးမြောင်းအတွင်း ဖြတ်သန်းသွားလာအသုံးပြုရာတွင် ရေထုညစ်ညမ်းမှုများ ကာကွယ်ထိန်းသိမ်းရေးအတွက် စနစ်တကျ လေ့လာဆန်းစစ်ခြင်းနှင့် စီမံဆောင်ရွက်ခြင်း ၊

(ဈ) တူးမြောင်းအတွင်း ဘေးအန္တရာယ်ဖြစ်စေတတ်သော ပစ္စည်းများကို စည်းကမ်းချက်များ သတ်မှတ်ပြီး သယ်ဆောင်သွားလာခွင့်ပြုခြင်း။

## အခန်း (၄)

## ဦးစီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၅။ ဦးစီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တူးမြောင်းကို ရေရှည်အသုံးပြုနိုင်ရေးအတွက် လိုအပ်သော ရေလမ်းထိန်းအဆောက်အအုံများ ဆောက်လုပ်ခြင်း ၊ ပြုပြင်ခြင်း ၊ ချဲ့ထွင်ခြင်းနှင့် ထိန်းသိမ်းကာကွယ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခြင်း ၊

(ခ) ရေလမ်းထိန်းအဆောက်အအုံကို ရေယာဉ်ကြောင့်ဖြစ်စေ ၊ အခြားအကြောင်းကြောင့်ဖြစ်စေ၊ ပျက်စီးစေပါက ထိုသို့ပျက်စီးမှုအတွက် လျော်ကြေးတောင်းခံခြင်း ၊

(ဂ) ရေလမ်းထိန်းအဆောက်အအုံကို ရေယာဉ်ကြောင့်ဖြစ်စေ ၊ အခြားအကြောင်းကြောင့်ဖြစ်စေ၊ ပျက်စီးစေပါက ထိုသို့ပျက်စီးမှုအတွက် လျော်ကြေးငွေသတ်မှတ်ခြင်း၊

(ဃ) တူးမြောင်းအတွင်းရေကြောင်းသွားလာမှု၊ ဖြတ်သန်းခကောက်ခံမှုနှင့် တူးမြောင်းထိန်းသိမ်းမှုတို့ကို တာဝန်ခံကြီးကြပ် ကွပ်ကဲရန် တူးမြောင်းအရာရှိအား တာဝန်များ ပေးအပ်ဆောင်ရွက်စေခြင်း၊

( င ) တူးမြောင်းအတွင်း ဖြတ်သန်းသွားလာသည့်ရေယာဉ်များသွားလာမှု လုံခြုံချောမွေ့စေရေးအတွက် ရေကြောင်းများစစ်ဆေးရန်နှင့် ရေယာဉ်များသွားလာမှုကို ကြီးကြပ်ကွပ်ကဲရန် ရေကြောင်းကြီးကြပ်ရေးမှူးအား လွှဲအပ်တာဝန်ပေးအပ် ဆောင်ရွက်စေခြင်း ၊

**( စ ) တူးမြောင်းအတွင်း အကောက်စခန်းများ၏ လုပ်ငန်းများကို ကြီးကြပ်တာဝန်ခံဆောင်ရွက်ရန် အကောက်စခန်းမှူးအား တာဝန်များ ပေးအပ်ဆောင်ရွက်စေခြင်း၊**

(ဆ) တူးမြောင်းအတွင်း ဖြတ်သန်းသွားလာမည့် ရေယာဉ်များနှင့်စပ်လျဉ်း၍ ရေယာဉ် အရွယ်အစား ၊ တွဲအရေအတွက် ၊ ရေစူးရေယာဉ် အမြန်နှုန်းတို့ကို သတ်မှတ်ခြင်း၊

( ဇ ) တူးမြောင်းအတွင်း ရေကြောင်းဆိုင်ရာ အချက်အလက်များ ရရှိရန် အချိန်အခါအလိုက် တိုင်းတာဆောင်ရွက်ခြင်း၊ ရေလမ်းကြောင်းများ အဆင့်သတ်မှတ်ခြင်း၊ ရေကြောင်းကို ဖွင့်လှစ်ခြင်း သို့မဟုတ်ပိတ်ခြင်း၊ ရေလမ်းဆိုင်ရာ သတင်းနှင့် သတိပေးချက်တို့ကို အခါအားလျော်စွာ ထုတ်ပြန်ကြေညာခြင်း၊

( ဈ) တူးမြောင်းနယ်အတွင်း စက်ရုံ ၊ အလုပ်ရုံများမှ ဘေးထွက်ပစ္စည်းများနှင့်စပ်လျဉ်း၍ သဘာဝ ပတ်ဝန်းကျင် ထိခိုက်ပျက်စီးခြင်း မရှိစေရေးနှင့် ရေထုညစ်ညမ်းမှု မဖြစ်ပေါ်စေရေးတို့ အတွက် စည်းကမ်းချက်များ သတ်မှတ်ပေးခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းများ ဆောင်ရွက်ခြင်း၊ သတ်မှတ်စံနှုန်းများအတိုင်း ဆောင်ရွက်ခြင်း ရှိ မရှိ စစ်ဆေးပြီး သတ်မှတ်စံနှုန်းများနှင့် ညီညွတ်မှုမရှိပါက လုပ်ငန်းလည်ပတ်ခြင်းကို ကန့်ကွက်ခြင်း သို့မဟုတ် တားမြစ်ခြင်း ၊

(ည) တူးမြောင်းနယ်အတွင်း ရေတိုက်စားကမ်းပြိုမှုများမှ ကာကွယ်ရန် စီမံဆောင်ရွက်ခြင်း ၊

( ဋ ) တူးမြောင်းအတွင်း နစ်မြုပ်ရေယာဉ်ကို သတ်မှတ်ပေးသည့် အချိန်အတွင်း အမြန်ဆယ်ယူဖယ်ရှားရေးအတွက် သက်ဆိုင်ရာ ရေယာဉ်ပိုင်ရှင်ထံအကြောင်းကြားခြင်း၊ သတ်မှတ်ပေးသည့် အချိန်အတွင်း ဆယ်ယူ ဖယ်ရှားရန် ပျက်ကွက်ပါက ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ဆယ်ယူ ဖယ်ရှားခြင်းနှင့် လိုအပ်သလို စီမံခန့်ခွဲခြင်း၊

(ဌ) တူးမြောင်းအတွင်း ရေယာဉ်များ ဖြတ်သန်းသွားလာခြင်းကို အနှောင့်အယှက် အဟန့်အတား ဖြစ်စေသည့် ပြုလုပ်မှု တစ်ခုခုကို တားမြစ်ခြင်း၊ တားမြစ်ချက် ဖောက်ဖျက်သူကို အရေးယူခြင်းနှင့် ထိုအနှောင့်အယှက် အဟန့်အတားများကို စိစစ်ဖယ်ရှားခြင်း၊ ထိုသို့ ဖယ်ရှားရာ၌ ကုန်ကျစရိတ်များကို တောင်းခံခြင်း၊

(ဍ) တူးမြောင်း အတွင်း ရေကြောင်းသွားလာမှုကို အနှောင့်အယှက်၊ အတားအဆီး သို့မဟုတ် ဘေးအန္တရာယ်ဖြစ်စေသည့် ငါးဖမ်းခြင်းနှင့် ငါးဖမ်းတိုင်၊ ငါးဖမ်းပိုက်၊ ဝါးတန်း၊ မျော သို့မဟုတ် ပစ္စည်းကိရိယာ တစ်စုံတစ်ရာကို ချထားခြင်း၊ စွန့်ပစ်ခြင်း သို့မဟုတ် မျောထား ခြင်းကို တားမြစ်ခြင်း သို့မဟုတ် အမြန်ဖယ်ရှားခြင်း၊

(ဎ) သတ်မှတ်ထားသော ကုန်စည်နှင့် ရေယာဉ် လုံးပေါင်း တန်ချိန်၊ အလျား၊ အနံနှင့် ရေစူး ထက်ပိုသောရေယာဉ်၊ နိုင်ငံခြားရေယာဉ်နှင့် ဘေးအန္တရာယ်ဖြစ်စေသည့် ပစ္စည်းများ တင်ဆောင်ထားသော ရေယာဉ်များကို တူးမြောင်းအတွင်း ရေကြောင်းပြ Pilotage Service (သို့မဟုတ်) ရေကြောင်းပြရေယာဉ်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ဖြတ်သန်းသွားလာရန် ခွင့်ပြု ချက်ထုတ်ပေးခြင်း၊

(ဏ) ဝန်ကြီးဌာနက ပေးအပ်သော အခြားလုပ်ငန်း တာဝန်များကိုဆောင်ရွက်ခြင်း။

၆။ ဦးစီးဌာနသည် တူးမြောင်းအတွင်း ဖြတ်သန်းသွားလာသော ရေယာဉ်များနှင့် စပ်လျဉ်း၍ စည်းကမ်း ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သည့် ရေယာဉ်ဦးစီးကို သတ်မှတ်ချက်များနှင့်အညီ အရေးယူ ဆောင်ရွက်ရန် သက်ဆိုင်ရာ တူးမြောင်းအရာရှိနှင့် ရေကြောင်းကြီးကြပ်ရေးမှူးတို့ကို တာဝန်ပေးအပ်နိုင်သည်။

၇။ သက်ဆိုင်ရာတူးမြောင်းအရာရှိနှင့် ရေကြောင်းကြီးကြပ်ရေးမှူးတို့သည် ပုဒ်မ ၆ အရ ရေယာဉ် ဦးစီး တစ်ဦးဦးအား အရေးယူရန် ဆောင်ရွက်ရာတွင် ယင်းရေယာဉ်ဦးစီး၏ ကျွမ်းကျင်မှုလက်မှတ်မူရင်းနှင့် ရေယာဉ်မှတ်ပုံတင် လက်မှတ်မူရင်းတို့ကို သက်သေနှစ်ဦး၏ ရှေ့မှောက်တွင် သိမ်းဆည်းပြီး သိမ်းဆည်း ကြောင်း မိတ္တူကို ရေယာဉ်ဦးစီးအား ထုတ်ပေးထားရမည်။

၈။ အစိုးရဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် **တူးမြောင်းနယ်အတွင်း** အောက်ပါကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်လိုပါက ဦးစီးဌာန၏ ခွင့်ပြုချက်ကို သတ်မှတ်ချက်များနှင့်အညီတောင်းခံရမည်-

(က) မြေတူးခြင်း၊ မြေဖို့ခြင်း၊ နုန်းဖမ်းခြင်း၊ အင်းပိတ်ခြင်း၊ တမံဖို့ခြင်း သို့မဟုတ် တုတ်ရိုက်ခြင်း၊

(ခ) လယ်ယာ သို့မဟုတ် ဥယျာဉ်ခြံမြေ သီးနှံစိုက်ပျိုးခြင်း၊

(ဂ) တူးမြောင်းမှ ရေကို သွယ်ယူအသုံးပြုခြင်း၊

(ဃ) ကမ်းပါးနယ်တွင် လမ်းခင်းကျောက်၊ ကျောက်စရစ်၊ သဲ၊ အုတ်နှင့် **အခြားလေးလံသောပစ္စည်းကိရိယာများကို စုပုံခြင်း သို့မဟုတ် ချထားခြင်း၊**

(င) တူးမြောင်းနယ်အတွင်း မြေငှားရမ်း၍ လုပ်ငန်းဆောင်ရွက်ခြင်း၊

(စ) တူးမြောင်းအတွင်းသို့ ရေဆိုးနှင့် အခြားအရာဝတ္ထုအရည်များ စွန့်ပစ်ခြင်း။

၉။ ဦးစီးဌာနသည် ပုဒ်မ ၈ အရ ခွင့်ပြုချက်တောင်းခံခြင်းအပေါ် တူးမြောင်းရေရှည်တည်တံ့ခိုင်မြဲရေးကိုစိစစ်ပြီး **ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း** ပြုနိုင်သည်။

၁၀။ အစိုးရဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် တူးမြောင်းနယ်အတွင်း အောက်ပါကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်လိုပါက **သတ်မှတ်ချက်နှင့်အညီ** သဘောထားမှတ်ချက်ကို တောင်းခံရမည် -

(က) အဆောက်အအုံဆောက်လုပ်ခြင်း၊

(ခ) စီးပွားရေးအလို့ငှာ ငါးကန်တူးဖော်ခြင်း သို့မဟုတ် ငါးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်ခြင်း၊

(ဂ) စီးပွားရေးအလို့ငှာ သဲစုပ်ခြင်း၊ သဲတူးခြင်း၊ သဲကျုံးခြင်း၊ မြစ်ကျောက်ထုတ်ခြင်း၊ ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်း သို့မဟုတ် သယံဇာတထုတ်ယူခြင်း။

၁၁။ ဦးစီးဌာနသည် ပုဒ်မ ၁၀ အရ သဘောထားမှတ်ချက်တောင်းခံခြင်းအပေါ် တူးမြောင်းရေရှည်တည်တံ့ခိုင်မြဲရေးကို စိစစ်ပြီး **ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း** ပြုနိုင်သည်။

## အခန်း (၅)

## တူးမြောင်းအရာရှိ၏ တာဝန်များ

၁၂။ တူးမြောင်းအရာရှိ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တူးမြောင်းနှင့် တူးမြောင်းနယ် ရေရှည်တည်တံ့စေရေးအတွက် စီမံဆောင်ရွက်ခြင်း ၊

(ခ) အကောက်စခန်းများမှ ရေယာဉ်ဖြတ်သန်းခများ လျာထားချက်အတိုင်း ပြည့်မီစွာ ကောက်ခံနိုင်ရေးအတွက် စီမံဆောင်ရွက်ခြင်း ၊

(ဂ) တူးမြောင်းအတွင်း ဖြတ်သန်းသည့် ရေယာဉ်များ ဖြတ်သန်းခပေးဆောင်ခြင်းကို စစ်ဆေးခြင်း ၊

(ဃ) တူးမြောင်းအတွင်းရေယာဉ်များရေကြောင်းသွားလာမှုလုံခြုံစေရန် တာဝန်ခံကြီးကြပ်ကွပ်ကဲခြင်း ၊ ဥပဒေဖောက်ဖျက်ကျူးလွန်မှုများအား အရေးယူဆောင်ရွက်ခြင်း ၊

(င) တူးမြောင်းအတွင်း ရေယာဉ် မတော်တဆမှုနှင့် ထူးခြားဖြစ်စဉ် ပေါ်ပေါက်ပါက အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့ ဆောင်ရွက်ခြင်း ၊

(စ) တူးမြောင်းနှင့် တူးမြောင်းနယ်ပေါ်တွင် စီးပွားရေးလုပ်ငန်းများကို ဥပဒေ ၊ နည်းဥပဒေနှင့်အညီ စစ်ဆေးကြပ်မတ်ခြင်း။

## အခန်း (၆)

## ရေကြောင်းကြီးကြပ်ရေးမှူး၏ တာဝန်များ

၁၃။ ရေကြောင်းကြီးကြပ်ရေးမှူး၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တူးမြောင်းအတွင်း ရေကြောင်းသွားလာမှု လုံခြုံချောမွေ့စေရေးအတွက် ကြပ်မတ်ဆောင်ရွက်ခြင်း၊

(ခ) တူးမြောင်းအတွင်း ဖြတ်သန်းသွားလာမည့် ရေယာဉ်သည် ကျွံခိုင်မှုနှင့် စက်စွမ်းအားလုံလောက်မှုမရှိကြောင်း သံသယရှိလျှင်ဖြစ်စေ၊ သတ်မှတ်ထားသည့် ကျွမ်းကျင်သူရေယာဉ် ဦးစီး မပါလျှင်ဖြစ်စေ ယင်းရေယာဉ်ကို တူးမြောင်းအတွင်း ဖြတ်သန်းသွားလာခွင့်မပြုဘဲ တားမြစ်ခြင်း၊

(ဂ) ဘေးအန္တရာယ် ဖြစ်စေတတ်သော ပစ္စည်းများကို သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ လိုက်နာသယ်ဆောင်ခြင်းမရှိသည့် ရေယာဉ်များကို တူးမြောင်းအတွင်း ဖြတ်သန်းသွားလာခွင့် မပြုခြင်း၊

(ဃ) တူးမြောင်းအတွင်း ရေယာဉ်မတော်တဆမှုဖြစ်ပါက အလျင်အမြန်သွားရောက်စစ်ဆေး၍ အခြားရေယာဉ်များအား အန္တရာယ် မဖြစ်စေရန် ဆောင်ရွက်ခြင်း ။

## အခန်း (၇)

## အကောက်စခန်းမှူး၏ တာဝန်များ

၁၄။ အကောက်စခန်းမှူး၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်**သည်** -

(က) ဖြတ်သန်းခများ ကောက်ခံရာတွင် သက်ဆိုင်ရာ ဦးစီးဌာနက စစ်ဆေးထုတ်ပေးထားသော ရေယာဉ်မှတ်ပုံတင် လက်မှတ်နှင့် ရေယာဉ်ဆိုင်ရာ အခြားအထောက်အထား စာတမ်း အမှတ်အသားများကို ကြည့်ရှု စစ်ဆေးခြင်း၊

( ခ) တူးမြောင်းအတွင်း ဖြတ်သန်းသွားလာသော ရေယာဉ်အတိုင်းအတာနှင့် စပ်လျဉ်း၍ရေယာဉ် မှတ်ပုံတင် လက်မှတ်ပါ အချက်အလက်နှင့် ကွဲလွဲသည်ဟု သံသယရှိပါက ထိုရေယာဉ်ကို ချက်ချင်းတိုင်းတာ၍ တွက်ချက်ပြီး ဖြတ်သန်းခ ကောက်ခံခြင်း၊

( ဂ) ဖြတ်သန်းခ မပေးဆောင်ဘဲ တူးမြောင်းအတွင်း ဖြတ်သန်းလျှင်ဖြစ်စေ၊ စစ်ဆေးသည့်အခါ ဖြတ်သန်းခ ပေးပြီးကြောင်း အထောက်အထား မပြနိုင်လျှင်ဖြစ်စေ ၊ အနီးဆုံး အကောက် စခန်းက ဖြတ်သန်းခ ကောက်ခံပြီးမှ ဖြတ်သန်းသွားလာ ခွင့်ပြုခြင်း၊

(ဃ) ဖြတ်သန်းခကို လပေးစနစ်ဖြင့် ပေးဆောင်ခွင့်ပြုရန် လျှောက်ထား တောင်းဆိုပါက စိစစ်၍ ခွင့်ပြုခြင်း၊

( င) ဝန်ကြီးဌာန၏ ကင်းလွတ်ခွင့် ရရှိထားသော ရေယာဉ်များမှအပ ကျန်ရေယာဉ်အားလုံးကို ဖြတ်သန်းခ ကောက်ခံခြင်း၊

( စ) တူးမြောင်းအတွင်း ဖြတ်သန်းသွားလာသည့် ရေယာဉ်များ၏ ဖြတ်သန်းချိန်၊ ခရီးစဉ်၊ ကုန်ပစ္စည်းတန်ချိန်၊ အရေအတွက် အပါအဝင် ရေယာဉ်ဆိုင်ရာ အချက်အလက်များကို စာရင်းပြုစု မှတ်တမ်းတင်ထိန်းသိမ်းထားရှိခြင်း၊

(ဆ) ဖြတ်သန်းခများ ကောက်ခံရာတွင် ရေယာဉ် မှတ်ပုံတင်လက်မှတ်ပါ တန်ချိန်နှင့် ပုံသေနည်း အရ တွက်ချက်တန်ချိန်တို့ ကွဲလွဲနေပါက များရာတန်ချိန်ဖြင့် ကောက်ခံခြင်း။

## အခန်း (၈)

## ရေယာဉ်ဦးစီး၏ တာဝန်များ

၁၅။ ရေယာဉ်ဦးစီးသည် -

(က) ရေကြောင်းသွားလာခြင်းဆိုင်ရာ စည်းမျဉ်း စည်းကမ်းများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) တူးမြောင်းအတွင်းသို့ ရေယာဉ်ဖြတ်သန်းသွားလာသည့်အခါ ဖြတ်သန်းခကို သက်ဆိုင်ရာ အကောက်စခန်းသို့ ပေးဆောင်ရမည်။

(ဂ) သက်ဆိုင်ရာ အကောက်စခန်း၌ ဖြတ်သန်းခ ပေးဆောင်နေစဉ် ရေယာဉ်ကို ရပ်တန့်ထား ရမည်။ ထုတ်ပေးထားသော ဖြတ်သန်းခ ပြေစာလက်ခံရရှိမှသာ ရေယာဉ်ကို ဆက်လက် ထွက်ခွာရမည်။

(ဃ) တူးမြောင်းအရာရှိက စစ်ဆေးလျှင် ဖြတ်သန်းခ ပြေစာကို ပြသရမည်။

(င) တူးမြောင်းအတွင်း ဖြတ်သန်းသွားလာနေစဉ် ထူးခြားဖြစ်စဉ် ဖြစ်ပေါ်ပါက နီးရာအကောက် စခန်းသို့ ချက်ချင်းသတင်းပို့ရမည်။

(စ) တူးမြောင်းအတွင်း ဖြတ်သန်းသွားလာသည့်အခါ သက်ဆိုင်ရာ အကောက်စခန်းမှူး၏ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

## အခန်း (၉)

## တားမြစ်ချက်များ

**၁၆။ မည်သူမျှ ဝန်ကြီးဌာန၏ ခွင့်ပြုချက်မရှိဘဲ-**

(က) **တူးမြောင်းမြေကို အသုံးပြုခြင်း ၊** တူးဖော် ဖောက်လုပ်ခြင်း သို့မဟုတ် တိုးချဲ့ခြင်းမပြုရ ၊

(ခ) တူးမြောင်းအတွင်း ဘေးအန္တရာယ်ဖြစ်စေတတ်သော ပစ္စည်းများ သယ်ဆောင်သွားလာခြင်း မပြုရ။

၁၇။ မည်သူမျှ တူးမြောင်းနယ်အတွင်း -

(က) ရေလမ်းထိန်း အဆောက်အအုံကို ဖျက်ဆီးခြင်း သို့မဟုတ် ပျက်စီးစေခြင်း မပြုရ ၊

(ခ) ဘေးအန္တရာယ်ဖြစ်စေတတ်သော ပစ္စည်းများ အသုံးပြုခြင်း၊ စွန့်ပစ်ခြင်း မပြုရ ၊

(ဂ) မြေပေါ် မြေအောက်ရှိ ရေသယံ ဇာတများနှင့် တူးမြောင်း အတွင်းသို့ စီးဝင်ရာ ရေအရင်း အမြစ်များကို တမင် ပြုန်းတီးစေခြင်း မပြုရ ၊

(ဃ) မြေငှားရမ်းသုံးစွဲခွင့် တောင်းခံခြင်း မရှိဘဲ လုပ်ငန်းဆောင်ရွက်ခြင်း မပြုရ၊

(င) ရေဆိုးနှင့် အခြားအရာဝတ္ထု အရည်များ စွန့်ပစ်ခြင်း မပြုရ၊

(စ) ဦးစီးဌာန၏ ခွင့်ပြုချက် မရှိဘဲ မြေတူးခြင်း၊ မြေဖို့ခြင်း၊ နုန်းဖမ်းခြင်း၊ အင်းပိတ်ခြင်း၊ တမံဖို့ခြင်း၊ တုတ်ရိုက်ခြင်းမပြုရ၊

(ဆ) လယ်ယာ သို့မဟုတ် ဥယျာဉ်ခြံမြေသီးနှံ စိုက်ပျိုးခြင်း မပြုရ၊

(ဇ) ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ တူးမြောင်းမှ ရေကိုသွယ်ယူ အသုံးပြုခြင်း မပြုရ၊

(ဈ) ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ တူးမြောင်းကမ်းပါးနယ်တွင် လမ်းခင်းကျောက်၊ ကျောက်စရစ်၊ သဲ၊ အုတ်နှင့် အခြားလေးလံသော ပစ္စည်းကိရိယာများကို စုပုံခြင်း သို့မဟုတ် ချထားခြင်း မပြုရ၊

(ည) ဦးစီးဌာန၏ **သဘောတူထားမှတ်ချက်** တောင်းခံခြင်း မရှိဘဲ အဆောက်အအုံ ဆောက်လုပ်ခြင်း မပြုရ၊

(ဋ) ဦးစီးဌာန၏ သဘောတူထားမှတ်ချက် တောင်းခံခြင်းမရှိဘဲ စီးပွားရေး အလို့ငှာ ငါးကန်တူးဖော်ခြင်း၊ မွေးမြူရေး လုပ်ငန်းများ လုပ်ကိုင်ခြင်း မပြုရ၊

(ဌ) ဦးစီးဌာန၏ **သဘောတူထားမှတ်ချက် တောင်းခံခြင်း** မရှိဘဲ စီးပွားရေးအလို့ငှာ သဲစုပ်ခြင်း၊ သဲတူးခြင်း၊ သဲကျုံးခြင်း၊ မြစ်ကျောက်ထုတ်ခြင်း၊ ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်း ၊ သယံဇာတ ထုတ်ယူခြင်း မပြုရ၊

(ဍ) ကမ်းပါးနယ်တွင် အိမ်သာများ ဆောက်လုပ်ခြင်း သို့မဟုတ် မိလ္လာအညစ်အကြေး စွန့်ပစ်ခြင်း မပြုရ၊

(ဎ) တူးမြောင်း ကမ်းပါးများ တည်ငြိမ်မှုကို အထောက်အကူပြုသော ကမ်းပါးနယ်ရှိ လမုတော၊ ဒီရေတောများ အပါအဝင် မည်သည့် အပင်ကိုမျှ ဖျက်ဆီးခြင်း ၊ ရှင်းလင်းခြင်း မပြုရ။

၁၈။ မည်သူမျှ တူးမြောင်းအတွင်း -

(က) ရေယာဉ်များ ကျောက်ချရပ်နားခြင်း မပြုရန် တားမြစ်ထားသည့် နေရာတွင် ရေယာဉ်ကို ကျောက်ချရပ်နားခြင်း၊ ရပ်တန့်ခြင်း သို့မဟုတ် ဆိုက်ကပ်ခြင်း မပြုရ၊

(ခ) ရေစုန်တွင် တစ်နာရီ ရေမိုင် ၁၂ မိုင်နှုန်းနှင့် ရေဆန်တွင် တစ်နာရီ ရေမိုင် ၈ မိုင်နှုန်းထက်ပို၍ မောင်းနှင်သွားလာခြင်း မပြုရ၊

(ဂ) ကမ်းပြိုလျက်ရှိသည့် နေရာများနှင့် လုပ်ငန်းလိုအပ်ချက်အရလိုအပ်သောနေရာများတွင် သီးခြားသတ်မှတ်ထားသော ရေမိုင်နှုန်းထက်ကျော်လွန်၍ မောင်းနှင်ခြင်းမပြုရ၊

(ဃ) ရေလမ်းထိန်းသိမ်းခြင်း လုပ်ငန်းများအတွက်ဖြစ်စေ၊ ရေကြောင်းဘေးအန္တရာယ် ကင်းရှင်းရေးအတွက်ဖြစ်စေ ရေလမ်းကြောင်းပိတ်ထားသည့် သတိပေးအမှတ်အသား၊ အလံများ ၊ အချက်ပြမီးများနှင့် အခြားအမှတ်အသားများ ပြသထားသည့်အခါ ရေယာဉ်ကို မောင်းနှင်သွားလာခြင်း မပြုရ ၊

( င ) တွဲဆွဲရေယာဉ်မှအပ မည်သည့်ရေယာဉ်မျှ အခြားရေယာဉ်တစ်စီးစီးနှင့် ရင်ဘောင်တန်း၍ မောင်းနှင်ခြင်းသို့မဟုတ် ရပ်နားထားခြင်း မပြုရ ၊

( စ ) တွဲဆွဲရေယာဉ်ကို သတ်မှတ်ထားသော ဖြက် အကျယ် ထက်ပို၍ ဖြစ်စေ၊ တွဲဆွဲရေယာဉ်အပါအဝင် တွဲ သုံးတွဲထက် ပို၍ဖြစ်စေ ခုတ်မောင်းခြင်း၊ ဆိုက်ကပ် ရပ်နားခြင်း မပြုရ ၊

(ဆ) အလင်းရောင် မရှိသော ညအချိန်နှင့် ရာသီဥတုကြောင့် မြင်ကွင်းမရှင်းလင်းသည့် အချိန်များ တွင် တွဲဆွဲ ရေယာဉ်များ မောင်းနှင် သွားလာခြင်း မပြုရ ၊

( ဇ ) တွဲဆွဲရေယာဉ်ကို ရေစုန်တွင် တွဲဆွဲယူခြင်း မပြုရ ၊

( ဈ ) သတ်မှတ်ထားသော ရေစူးထက် ပိုသော ရေယာဉ်ကို မောင်းနှင် သွားလာခြင်း မပြုရ ၊

(ည) တစ်နာရီလျှင် ရေမိုင် သုံးမိုင်နှုန်းထက်မနည်း မောင်းနှင်နိုင်သော စက်စွမ်းအား မရှိသည့် ရေယာဉ်ကို မောင်းနှင် သွားလာခြင်း မပြုရ ၊

( ဋ ) တွဲဆွဲရေယာဉ်၏ အကူအညီမပါဘဲ သစ်ဖောင် သို့မဟုတ် ဝါးဖောင်ကို ဝင်ရောက်စေခြင်း၊ မျှောခြင်း သို့မဟုတ် မောင်းနှင်သွားလာစေခြင်း မပြုရ ၊

( ဌ ) ရေကြောင်း သွားလာမှုကို အနှောင့်အယှက်၊ အတားအဆီး သို့မဟုတ် ဘေးအန္တရာယ်ဖြစ်စေသော ငါးဖမ်းခြင်းနှင့် ငါးဖမ်းတိုင်၊ ငါးဖမ်းပိုက်၊ ဝါးတန်း၊ မျော သို့မဟုတ် ပစ္စည်းကိရိယာ တစ်စုံတစ်ရာကို ချထားခြင်း၊ စွန့်ပစ်ခြင်း သို့မဟုတ် မျှောထားခြင်း မပြုရ ၊

( ဍ ) ရေကြောင်းသွားလာခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းအရ တပ်ဆင်ထားရမည့် ရေယာဉ် အချက်ပြမီးများ တပ်ဆင်ထားခြင်း မရှိသည့် ရေယာဉ်ကို တူးမြောင်းအတွင်း ညအချိန်မောင်းနှင်သွားလာခြင်းမပြုရ ၊

( ဎ ) ရေကြောင်းသွားလာခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းအရ တပ်ဆင်ထားရမည့် အသံဖြင့် အချက်ပေးကိရိယာ တပ်ဆင်ထားခြင်း မရှိသည့် ရေယာဉ်ကို တူးမြောင်းအတွင်း မောင်းနှင်သွားလာခြင်းမပြုရ ၊

(ဏ) ရေကြောင်းပြ ရေယာဉ်၏ ကြီးကြပ် ကွပ်ကဲမှု မပါဘဲ သတ်မှတ်ထားသော တန်အလေးချိန် နှင့် အလျား၊ အနံနှင့် ရေစူးထက်ပိုသော ရေယာဉ် ၊ နိုင်ငံခြားရေယာဉ် ၊ ဘေးအန္တရာယ်ဖြစ်စေ တတ်သည့် ပစ္စည်းတင်ဆောင်ထားသော ရေယာဉ်များ သွားလာခြင်း မပြုရ။

၁၉။ မည်သူမျှ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများနှင့် အမိန့်များပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း မပြုရ။

## အခန်း (၁၀)

## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၂၀။ မည်သူမဆိုပုဒ်မ ၁၆၊ ပုဒ်မခွဲ (က) (ခ) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက် မပိုသောထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၅၀ မှ အများဆုံး ကျပ်သိန်း ၁၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၁။ မည်သူမဆိုပုဒ်မ ၁၇ ၊ ပုဒ်မခွဲ (ခ) မှ (ဍ) ထိပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၁၅ သိန်း မှ အများဆုံး ကျပ်သိန်း ၃၀ အထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၂၂။ မည်သူမဆိုပုဒ်မ ၁၇၊ ပုဒ်မခွဲ ( ဃ) နှင့် ပုဒ်မ ၁၈ ၊ ပုဒ်မခွဲ (က) မှ ပုဒ်မခွဲ (ဏ) ထိ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကိုဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင်ထိုသူကို သုံးလထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ငါးသောင်းမှ အများဆုံး ကျပ် သုံးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၃။ **မည်သူမဆိုပုဒ်မ ၁၇ ၊ ပုဒ်မခွဲ (က) ပါ တားမြစ်ချက် တစ်ရပ်ရပ်ကိုဖောက်ဖျက်ကျူးလွန်**ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ထိခိုက်ပျက်စီးဆုံးရှုံး သွားသော ရေလမ်းထိန်းအဆောက်အအုံ တန်ဖိုးကိုဖြစ်စေ ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**၂၄။** မည်သူမဆို ပုဒ်မ ၁၉ ပါတားမြစ်ချက်ပါတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက် မပိုသောထောင်ဒဏ်ဖြစ်စေ ၊ အနည်းဆုံး ကျပ် တစ်သိန်းမှ အများဆုံး ကျပ် ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၁၁)

## အထွေထွေ

၂၅။ အစိုးရဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် လုပ်ငန်းလိုအပ်ချက်အရ တူးမြောင်းနယ်အတွင်း အောက်ပါလုပ်ငန်းတစ်ခုခု ပြုလုပ်လိုပါက တူးမြောင်းနယ်ကို မထိခိုက်စေရေးအတွက် ဝန်ကြီးဌာန၏ သဘောတူညီချက်ကိုရယူပြီးမှသာ ဆောင်ရွက်ရမည် -

(က) ရေနုတ်မြောင်း ဖောက်လုပ်ခြင်း၊ တူးမြောင်းရေထုတ်နုတ်သုံးစွဲခြင်း၊ တူးမြောင်းကူး တံတားကြီးများ တည်ဆောက်ခြင်း၊ မြေအောက်နှင့် ရေအောက် ပိုက်လိုင်းဆက်သွယ်ခြင်း၊ လျှပ်စစ်ဓာတ်အားလိုင်းဆက်သွယ်ခြင်း၊ ကြေးနန်းလိုင်းဆက်သွယ်ခြင်း၊

(ခ) ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ခြင်း၊ ရေလမ်းကြောင်းများပြုပြင်ထိန်းသိမ်းခြင်း ၊ ရေအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ခြင်း။

၂၆။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနနှင့် အစိုးရဌာန အဖွဲ့အစည်း တို့သည် ပုဒ်မ ၁၀ ပါ လုပ်ငန်းများနှင့် စပ်လျဉ်း၍ တူးမြောင်းနှင့် ရေလမ်းကြောင်းများ မထိခိုက်စေရေးအတွက် ဝန်ကြီးဌာနမှတစ်ဆင့် ဦးစီးဌာန၏ သဘောထားမှတ်ချက်ရရှိမှသာ မိမိတို့၏ လုပ်ပိုင်ခွင့်အရ ခွင့်ပြုနိုင်သောကိစ္စများကို ခွင့်ပြုရမည်။

၂၇။ ဦးစီးဌာနသည် ဤဥပဒေအရ ရရန်ရှိသော ဖြတ်သန်းခ၊ ကုန်ကျစရိတ်၊ လျော်ကြေးနှင့် အခြားအခကြေးငွေများကို ပေးဆောင်ရန် ပျက်ကွက်သူအပေါ် ဝင်ငွေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံခွင့်ရှိသည်။

၂၈။ ဦးစီးဌာနက စီစဉ်ထားရှိသော ရေကြောင်းပြ ရေယာဉ်၏ ကြီးကြပ်မှုဖြင့်သာ တူးမြောင်းအတွင်း ဖြတ်သန်းသွားလာရမည့် ရေယာဉ်များသည် ရေကြောင်းပြသမှု ဝန်ဆောင်ခကို ဦးစီးဌာနက သတ်မှတ်သည့်အတိုင်း ပေးဆောင်ရမည်။

၂၉။ **တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် သက်ဆိုင်သည့် ကိစ္စရပ်များကို ဤဥပဒေနှင့်အညီသာ ဆောင်ရွက်ရမည်။**

၃၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့သည် **လိုအပ်သော** အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံး လုပ်နည်းများကိုထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ် ရေးထိုးသည်။

နိုင်ငံတော် သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်